“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁/၂၀၂၃)

အမှတ်စဉ် (၁/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ ၂၀၂၃ ခုနှစ်သည် စစ်ကောင်စီ၏ အရှိုက်ကိုကိုင်လှုပ်နိုင်မည့် ထိုးစစ်မျိုးလုပ်ဆောင်မည်ဟု NUG ယာယီသမ္မတပြောကြား

၂၀၂၃ ခုနှစ်သည် စစ်ကောင်စီ၏ ပင်မအရင်းကို တူးဖြိုပစ်ရမည့်အချိန်ရောက်ပြီဖြစ်ပြီး စစ်ကောင်စီအရှိုက်ကို ကိုင်လှုပ်နိုင်မည့် ထိုးစစ်မျိုးလုပ်ဆောင်ရမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလ က ဒီဇင်ဘာ ၂၇ ရက်အမျိုးသားညီညွတ်ရေးအစိုးရ၏ (၈၀) ကြိမ်မြောက်အစိုးရအဖွဲ့ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

"စစ်ရေးရလဒ်မှာ စစ်ကောင်စီရဲ့ဗဟိုချက်ကို ကိုင်လှုပ်နိုင်မယ့် အောင်မြင်မှုမျိုးကိုလည်း ဖန်တီးနိုင်ဖို့ လိုတယ်လို့ ယူဆပါတယ်။ မြန်မာစကားပုံမှာ "အရင်းလဲ အဖျားထင်းဖြစ်" ဆိုတဲ့ စကားရှိပါတယ်။ စစ်ကောင်စီရဲ့ လက်တံတွေ/ ဒေါက်တိုင်တွေထဲမှာ အဖျားသား အနားသားတွေကို ထိုးနှက်နေခြင်းထက် ပင်စည်အရင်းကို လှဲပစ်နိုင်ဖို့လည်း အရေးကြီးတယ်လို့ ယူဆပါတယ်။ ၂၀၂၃ ခုနှစ်ဟာ စစ်ကောင်စီရဲ့ ပင်မအရင်းအမြစ်ကို တူးဖြိုပစ်ရမယ့် အချိန်ကို ရောက်ပြီလို့ ယုံကြည်ပါတယ်။ ခုခံတော်လှန်စစ်ကို မဟာဗျူဟာကျကျ ဆင်နွှဲတဲ့နေရာမှာ ခုခံရုံနဲ့မရဘူး၊ စစ်ကောင်စီအရှိုက်ကို ကိုင်လှုပ်နိုင်မယ့် ထိုးစစ်မျိုးကိုလည်း လုပ်ဆောင်ရလိမ့်မယ်လို့ ယူဆပါတယ်" ဟု ယာယီသမ္မတက ပြောကြားခဲ့သည်။

https://bit.ly/3jBHfFv

ကာကွယ်ရေးဝန်ကြီးဌာန

၂။ လက်နက်အလက် (၅၀)အား ကော်ဘရာစစ်ကြောင်းသို့ NUG ပြည်ထောင်စုဝန်ကြီးချုပ်ပေးအပ်

"စစ်ရေးရလဒ်မှာ စစ်ကောင်စီရဲ့ဗဟိုချက်ကို ကိုင်လှုပ်နိုင်မယ့် အောင်မြင်မှုမျိုးကိုလည်း ဖန်တီးနိုင်ဖို့ လိုတယ်လို့ ယူဆပါတယ်။ မြန်မာစကားပုံမှာ "အရင်းလဲ အဖျားထင်းဖြစ်" ဆိုတဲ့ စကားရှိပါတယ်။ စစ်ကောင်စီရဲ့ လက်တံတွေ/ ဒေါက်တိုင်တွေထဲမှာ အဖျားသား အနားသားတွေကို ထိုးနှက်နေခြင်းထက် ပင်စည်အရင်းကို လှဲပစ်နိုင်ဖို့လည်း အရေးကြီးတယ်လို့ ယူဆပါတယ်။ ၂၀၂၃ ခုနှစ်ဟာ စစ်ကောင်စီရဲ့ ပင်မအရင်းအမြစ်ကို တူးဖြိုပစ်ရမယ့် အချိန်ကို ရောက်ပြီလို့ ယုံကြည်ပါတယ်။ ခုခံတော်လှန်စစ်ကို မဟာဗျူဟာကျကျ ဆင်နွဲတဲ့နေရာမှာ ခုခံရုံနဲ့မရဘူး၊ စစ်ကောင်စီအရှိက်ကို ကိုင်လှုပ်နိုင်မယ့် ထိုးစစ်မျိုးကိုလည်း လုပ်ဆောင်ရလိမ့်မယ်လို့ ယူဆပါတယ်" ဟု ယာယီသမ္မတက ပြောကြားခဲ့သည်။

https://bit.ly/3jBHfFv

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၃။ တော်လှန်ရေးမှာ တိုးတက်ကောင်းမွန်သည့် အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဟု NUG ပြည်ထောင်စုဝန်ကြီးပြောကြား

တော်လှန်ရေးသည် တိုးတက်ကောင်းမွန်သည့် အနေအထားတစ်ခုရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာမှလည်း ထောက်ခံမှုများရှိလာပြီး လက်တွေ့ကျသည့် ထိရောက်သည့် ကူညီမှုများရှိလာတော့မည်ဖြစ်ကြောင်း၊ တော်လှန်ရေးကို အားလုံးကြိုးစားဆောင်ရွက်ကြရန်၊ နှစ်သစ်တွင် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ခု ရောက်ရှိနိုင်ရန်၊ အုပ်ချုပ်ရေးသည် သိမ့်မွေ့သကဲ့သို့ စိန်ခေါ်မှုလည်းကြီးမားကြောင်း၊ စိန်ခေါ်မှုများကို ယုံကြည်မှုနှင့်အတူ စည်းလုံးစွာ ဆောင်ရွက်ကြပါက တစ်နှစ်မဟာဗျူဟာ စီမံချက်အတွက် ရလဒ်ကောင်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်က ဒီဇင်ဘာ ၂၆ ရက်တွင်ပြုလုပ်သည့် ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်း၊မကွေး တိုင်း၊ ပဲခူးတိုင်းရှိ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များအစည်းအဝေးတွင်ပြောကြားခဲ့သည်။ https://bit.ly/3i4g9GG

၄။ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်တွင် မီးဘေးလုံခြုံရေး အဖွဲ့ ဖွဲ့စည်း။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
https://mohai.nugmyanmar.org/

မြောင်မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ ဖွဲ့စည်းခြင်း
အမိန့်ကြေညာစာမှတ် (၁၀/၂၀၂၂)
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်အတွင်း အကြမ်းဖက် စစ်ကောင်စီ၏ မီးရှို့ဖျက်ဆီးမှုများကို ကာကွယ်နိုင်ရန်၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် မြောင်မြို့နယ် မီးဘေးလုံခြုံရေး အဖွဲ့အား ဖွဲ့စည်းလိုက်သည်။

လွင်ကိုလတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

အကြမ်းဖက်စစ်ကောင်စီ၏ မီးရှို့ဖျက်ဆီးမှုများကို ကာကွယ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မြောင်မြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့ ဖွဲ့စည်းလိုက်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

https://bit.ly/3GwlvTp

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

၅။ အကြမ်းဖက်စစ်တပ်က ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျေးရွာမှ ပြည်သူ ၁၀ ဦးကိုသတ်ပြီး နေအိမ် ၇ လုံး မီးရှို့ခဲ့ကြောင်း NUG ထုတ်ပြန်။



အကြမ်းဖက်စစ်တပ်၏ ပုဏ္ဏားကျွန်းအခြေစိုက် ခြေမြန်တပ်ရင်း (၅၅၀) နှင့် စစ်တွေမြို့ ပါဒလိပ်အခြေစိုက် ခြေမြန်တပ်ရင်း (၃၄၄) တို့က ရခိုင်ပြည်နယ်၊ ပုဏ္ဏာကျွန်းမြို့နယ်၊ ဆင်အင်းကြီးကျေးရွာမှ ပြည်သူ ၁၀ ဦးကို သတ်ဖြတ်ခဲ့ပြီး နေအိမ် ၇ လုံး မီးရှို့ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

စစ်ကြောင်းထိုးဝင်ရောက်ကာ နေအိမ်များအတွင်းထဲ ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူ ၁၀ ဦးအထိ သေဆုံးခဲ့ရခြင်းဖြစ်ပြီး တစ်ဦး၏ခန္ဓာကိုယ်ကို ယခုချိန်ထိမတွေ့ရှိသေးကြောင်း သေဆုံးသူအချို့၏ ခန္ဓာကိုယ်မှာ ဓားဒဏ်ရာများ တွေ့ရှိခဲ့ခြင်းကြောင့် ညှင်းပမ်းနှိပ်စက်ခံရပြီးမှ သေဆုံးခြင်းဖြစ်နိုင်ကြောင်းလည်း လူ့အခွင့် အရေးဆိုင်ရာဝန်ကြီးဌာနက သုံးသပ်ထားသည်။

https://bit.ly/3i4gbyi

ပညာရေးဝန်ကြီးဌာန

၆။ အစိုးရနှင့် ကျောင်းသားလူငယ်ထုအကြား ခိုင်မာသည့်ဆက်ဆံရေး တည်ဆောက်နိုင်ရန် လူငယ်ထု၏ အသံများကို စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း NUG ထုတ်ပြန်

တော်လှန်ရေးတပ်ဦးအစိုးရနှင့် ကျောင်းသားလူငယ်ထုအကြား ခိုင်မာသည့်ဆက်ဆံရေး တည်ဆောက်နိုင်ရန် လူငယ်ထု၏အသံများကို စတင်စစ်တမ်းကောက်ယူနေပြီဟု အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီး ဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါစစ်တမ်းအား ကျောင်းသားနှင့် လူငယ်ထု၏အကျိုးသယ်ပိုးရေးအတွက် ကျောင်းသားလူငယ်ထုအသံကို တော်လှန်ရေးတပ်ဦး အစိုးရအနေဖြင့် နားထောင်ပေးစေလိုခြင်း၊ ပညာရေးအပေါ် သုံးသပ်ဝေဖန်ထောက်ပြချက်၊ တော်လှန်ရေးအတွက် လိုအပ်ချက်များအပေါ် ဆွေးနွေးချက်များအား လုပ်ဆောင်ပေးစေလိုခြင်း၊ ကျောင်းသားလူငယ်ထုအကြား ခိုင်မာသောဆက်ဆံရေး တည်ဆောက်နိုင်ရေးနှင့် အခြေခံပညာရေးညီလာခံ၌ ကျောင်းသားလူငယ်ထုအကျိုးအတွက် ကျောင်းသားကိုယ်စားလှယ်များမှ တောင်းဆိုခဲ့သော အချက်အလက်များ တိမ်မြုပ်နေခြင်းအား တော်လှန်ရေး တပ်ဦးအစိုးရမှ သေချာစွာအကောင်အထည်ဖော်ပေးစေလိုရေး စသည့်ရည်ရွယ်ချက်များဖြင့် ကောက်ယူနေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ https://bit.ly/3Z3y8OD

၇။ ကြားကာလပညာရေး ဆောင်ရွက်ကြရာတွင် ဖက်ဒရယ်ဒီမိုကရေစီစံနှုန်းများနှင့် မဆန့်ကျင်သည့် ရှိရင်းစွဲ သင်ရိုးညွှန်းတမ်းများကိုပါ လွတ်လပ်စွာ မှီငြမ်းအသုံးပြုနိုင်ကြောင်း NUG ထုတ်ပြန်

ကြားကာလပညာရေး ဆောင်ရွက်ကြရာတွင် ရှိရင်းစွဲသင်ရိုးညွှန်းတမ်းများမှ ဖက်ဒရယ်ဒီမိုကရေစီစံနှုန်းများနှင့် မဆန့်ကျင်သည့်သင်ရိုးများ၊ တိုင်းရင်းသားပညာရေးဌာနများမှ ရေးဆွဲထားသည့်သင်ရိုးများနှင့် ဒီမိုကရေစီနိုင်ငံများမှ သင်ရိုးများကို သင့်တော်သလို လွတ်လပ်စွာ မှီငြမ်းအသုံးပြုနိုင်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ၊ ပညာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် "ကြားကာလ အခြေခံပညာတတ်ကျွမ်းမှုစွမ်းရည် စံသတ်မှတ်ချက်များ" ထုတ်ပြန်ကြေညာခဲ့သည်။ https://bit.ly/3jymcng

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
Ministry of Education
National Unity Government of Myanmar
ကြားကာလ အခြေခံပညာ တတ်ကျွမ်းမှုစွမ်းရည် စံသတ်မှတ်ချက်များ
ထုတ်ပြန်အကြံပြုချက်
Statement of Basic Education Competency Standards for Interim Period
Version (2)
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်


ဥယျောဇဉ်

ပညာရေးဝန်ကြီးဌာနသည် ကြားကာလပညာရေးများ လုပ်ဆောင်ရာတွင် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးကိုမျှော်မှန်း၍ သက်ဆိုင်ရာ stakeholderများနှင့်ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပါသည်။ သင်ရိုးညွှန်းတမ်းသည် နိုင်ငံတစ်နိုင်ငံ (သို့) သက်ဆိုင်ရာဖက်ဒရယ်ယူနစ်များ၏ အသိပညာများ၊ တတ်ကျွမ်းမှုများ၊ လူမှုဘဝနှင့်စိတ်နေစိတ်ထား၊ နိုင်ငံသားယဉ်ကျေးမှုစံတန်ဖိုးများကို ကိုယ်စားပြုကာ နိုင်ငံတိုးတက်မှု နှင့် ကျောင်းသူ ကျောင်းသားများ၏ တစ်ကိုယ်ရည် ဘဝတိုးတက်မှုရှိစေရန်အတွက်လည်း အထောက်အကူပြုရမည်ဖြစ်သည်။

ယခုတော်လှန်ရေးကာလအတွင်း ကြားကာလဖြစ်သဖြင့် ရှိရင်းစွဲသင်ရိုးညွှန်းတမ်းမှ ဖက်ဒရယ်ဒီမိုကရေစီ စံနှုန်းများနှင့် မဆန့်ကျင်စေဘဲ သင်ကြားသင်ယူမှုများကို လွတ်လပ်ခွင့် ပေးခဲ့ပါသည်။ သင်ကြားရေးတွင်လည်း ကြားကာလ အခြေအနေများနှင့်လိုက်ဖက်ညီသော နေအိမ်အခြေပြု/လူထုအခြေပြု သင်ကြားရေးပုံစံကို အားပေးတိုက်တွန်းခဲ့ပါသည်။ ထိုသို့သင်ကြားရာတွင် ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာများကို စာကျက်ဖြေကာ အတန်းတက်ခြင်းစနစ်ထက် ကျောင်းသားလူငယ်များ၏ အသက်အရွယ်အလိုက်တတ်ကျွမ်းတတ်မြောက်မှုများကို အလေးထားသင်ကြားပေးရန်လည်း


အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန
ကြားကာလ အခြေခံပညာ တတ်ကျွမ်းမှုစွမ်းရည် စံသတ်မှတ်ချက်များ ထုတ်ပြန်အကြံပြုချက်
Version (2)
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်

၁။ စစ်အာဏာရှင် ပညာရေးယန္တရားအောက် ဒူးထောက်အညံ့မခံကြဘဲ နည်းလမ်းအမျိုးမျိုးဖြင့် ပညာသင်ယူနေကြသော ကလေးများနှင့် အကြမ်းဖက်စစ်အာဏာရှင်ကြောင့် ပညာသင်ကြားခွင့် မရသော စစ်ဘေးရှောင် ကလေးငယ်များ၏ မိဘအုပ်ထိန်းသူများအနေဖြင့် ပြည်သူ့နွေဦး တော်လှန်ရေး အောင်မြင်ပြီးချိန်တွင် မိမိတို့၏ရင်သွေးငယ်များ ပညာတတ်ကျွမ်းမှုနောက်ကျ ကျန်နေခဲ့မည်ကို စိုးရိမ်ပူပန်နေကြကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့အသံကို ကောင်းမွန်စွာ နားလည်ကြားသိရပါသည်။

၂။ တရားမဝင်အကြမ်းဖက်စစ်အာဏာရှင်၏ ပညာရေးကို အသုံးချ၍ စစ်အာဏာရှင်စနစ် လည်ပတ်စေရန် လုပ်ဆောင်မှုများ အားလုံးသည် တရားဝင်မှု မရှိကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီ ပညာရေး စနစ်တွင် ပြည်သူကို ကိုယ်စားပြုသည့် ပြည်နယ်/ဖက်ဒရယ် ယူနစ် ကိုယ်စားပြုနှင့် လူမျိုး/

၈။ အကြမ်းဖက်စစ်အုပ်စုအတွက် နိုင်ငံတကာတွင် ကာကွယ်ပြောဆိုပေးရန် မည်သူမျှမရှိတော့ဘဲ ကဏ္ဍပေါင်း ဆုံမှထိုးနှက်ချက်များကြောင့် အင်အားချိနဲ့လာနေပြီဟု NUG ယာယီသမ္မတပြောကြား

အကြမ်းဖက်စစ်အုပ်စုအတွက် နိုင်ငံတကာတွင် ကာကွယ်ပြောဆိုပေးရန် မည်သူမျှမရှိတော့ဘဲ ကဏ္ဍပေါင်း ဆုံမှထိုးနှက်ချက်များကြောင့် အင်အားချိနဲ့လာနေပြီဟု အမျိုးသားညီညွတ်ရေးအစိုးရယာယီသမ္မတ ဒူဝါလရှီးလက ဇန်နဝါရီ ၁ ရက် နှစ်သစ်ကူး မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

" မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာပြီးနောက်ပိုင်း သမိုင်း တလျှောက် ပထမဦးဆုံးအနေနဲ့ မြန်မာအရေးနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ချမှတ်နိုင်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်မှာ စစ်အုပ်စုအနေနဲ့ အကြမ်းဖက် တာတွေရပ်တန့်ဖို့၊ မတရားဖမ်းဆီးထားတဲ့ ဒီမိုကရေစီခေါင်းဆောင်တွေကို လွှတ်ပေးဖို့နဲ့ ပြည်သူ့ဆန္ဒကို လိုက်နာဖို့ တောင်းဆိုထားပါတယ်။ ဒီဆုံးဖြတ်ချက်ကို ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ ကန့်ကွက်သူမရှိ ဆုံးဖြတ်ချက်ချနိုင်ကြတာကိုကြည့်ရင် စစ်အုပ်စုကို ကာကွယ်ပြောဆိုပေးမယ့်လူ နိုင်ငံတကာမှာ ဘယ်သူမှ မရှိတော့ဘူးဆိုတာ အထင်းသားပေါ်လွင်နေပါတယ်" ဟု ယာယီသမ္မတကပြောကြားခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျလက်တွဲဆောင်ရွက်မှု အပြင် ပြည်တွင်း၊ ပြည်ပရှိ အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပိုမိုအားကောင်း အောင်ချိတ်ဆက်ဆောင်ရွက်ပြီး စစ်ကောင်စီကို အဖက်ဖက်က ချိနဲ့သွားအောင် ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း စစ်အုပ်စုသည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် သံတမန်ရေးစသည့် ကဏ္ဍတွေမှာ ထိုးနှက်မှုဒဏ်ကိုခံရပြီး အင်အားအများအပြား ချိနဲ့လာပြီ ဖြစ်ကြောင်းယာယီသမ္မတကဆက်လက်ပြောကြားခဲ့သည်။

" နိုင်ငံတကာစာမျက်နှာကို ကြည့်မယ်ဆိုရင်လည်း စစ်အုပ်စုဟာ အရှုံးကြီးရှုံးနိမ့်နေပါပြီ။ စစ်အုပ်စုအနေနဲ့ နိုင်ငံတကာရဲ့ ဖယ်ကျဉ်မှုကို ခံနေရတဲ့အချိန်မှာ အမျိုးသားညီညွတ်ရေးအစိုးရ ဦးဆောင်တဲ့ တော်လှန်ရေး အင်အားစုတွေကတော့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ လက်တွေ့ကျတဲ့ အားပေးထောက်ခံမှုနဲ့ ဝန်းရံအားပေးမှုတို့ကို ရရှိနေပြီဖြစ်တယ်ဆိုတာ ပြီးခဲ့တဲ့ သုံးလေးလက အနေအထားကိုကြည့်ရင်"လယ်ပြင်မှာဆင်သွားသလို"ထင်ထင်ရှားရှားမြင်နေရပြီ ဖြစ်ပါတယ်" ဟု ယာယီသမ္မတကကပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းလိုက်သည့် NDAA ဥပဒေတွင် Burma Act ကို ထည့်သွင်းပြီး အကြမ်း ဖက်စစ်ကောင်စီကို တော်လှန်တိုက်ပွဲဝင်နေကြသည့် NUG/NUCC/ CRPH/ EROs နှင့် CDM/ PDF တို့ကို အကူအညီပေးဖို့ အတည်ပြုလိုက်ပြီဖြစ်ပြီး ယင်းမှာ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေကြသည့် ပြည်သူလူထု၏ ကြိုးစား အားထုတ်မှုကို အသိအမှတ်ပြု ကူညီလိုက်ခြင်းဖြစ်ကာ စစ်အုပ်စုမှာ နိုင်ငံတကာစာမျက်နှာတွင် နေရာမရတော့သည်ကို အထင်းသား မြင်နေရပြီဖြစ်ကြောင်း ယာယီသမ္မတက ဆက်လက်ပြောကြားသည်။

https://bit.ly/3GKx0Ip

၉။ တိုင်းရင်းသားများ၏ ဆန္ဒဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေးမူဝါဒကို ပြောင်းလဲမည်မဟုတ်ကြောင်း NUG ပြည်ထောင်စုဝန်ကြီးချုပ် ကတိပြုပြောကြား



အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် တိုင်းရင်းသားများ၏ ဆန္ဒဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီကိုဖော် ဆောင်မည်ဖြစ်ပြီး မူဝါဒပြောင်းလဲမည်မဟုတ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန် ကြီးချုပ် မန်းဝင်းခိုင်သန်းက DVB သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုအတွင်း ကတိပေးပြောကြားခဲ့သည်။

" ငါ့ခံယူချက်ကတော့ ဒီကောင်တွေပြုတ်ကျဖို့ကိုပဲ ခေါင်းထဲမှာထည့်တယ်။ တိုင်းရင်းသားတွေ စိုးရိမ်တယ်ဆိုတာတော့မှန်တယ်။ ငါတို့ကိုလည်း တွေ့တဲ့အခါမေးတယ်။ တကယ်လို့ ဒေါ်အောင်ဆန်းစုကြည်ပြန်ထွက် လာရင်ပြောင်းမှာလား။ မပြောင်းစေရဘူး။ သူထွက်လာလည်း သေချာရှင်းပြမယ် တိုင်းရင်းသားတွေရဲ့ဆန္ဒ တစ်ခုဖြစ်တယ်ဆိုတာ။ အဲ့တိုင်းပဲ

စာမျက်နှာ (၆) သို့

စာမျက်နှာ (၅) မှ

သူတို့ငါ့မေးတဲ့အချိန်မှာ ငါဖြေထားတယ်။ မပြောင်းကို မပြောင်းစေရပါ။ နောက်ပြီးတော့ ငါတို့သိသလောက်ပေါ့လေ။ ငါတို့သတင်းကြားသလောက် ဒေါ်အောင်ဆန်းစုကြည်ကိုယ် တိုင်ကလည်း လူထုရဲ့ဆန္ဒကိုအလေးထားမယ်တဲ့။ အဲ့တော့ ပြည်သူ့ဆန္ဒကဘာလဲ ဖက်ဒရယ်ဒီမိုကရေစီ သွားချင်တာ၊ အဲ့တာကြောင့် ဘယ်လိုမှ ပြောင်းလဲ စရာမရှိပါဘူး၊ ငါတို့ကတိပေးပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

စစ်ကောင်စီပြုတ်ကျရေးကိုသာအဓိကလုပ်ဆောင်နေပြီး တိုင်းရင်းသားများ စိုးရိမ်နေသလို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြန်လာခဲ့ပါကလည်း အမျိုးသားညီညွတ်ရေးအစိုးရ၏ ဖက်ဒရယ်ဒီမိုကရေစီ ဖော်ဆောင်ရေးမူဝါဒ ပြောင်းလဲသွားမည်မဟုတ်ဘူးကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။ https://bit.ly/3WXRYIS

ခိုင်မာစွာ စိတ်ပိုင်းဖြတ်ပြီးဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

အသွင်ကူးပြောင်းရေးကာလသို့ ရောက်ရှိချိန်တွင် ချမှတ်ထားသည့် လမ်းပြမြေပုံအရ ယခုရရှိထားပြီးဖြစ် သည့် အမျိုးသားညီညွတ်ရေးကို ဆက်လက်ထိန်းသိမ်း၊ အရှိန်မြှင့်တင်လျက် ၂၀၂၀ ရွေးကောက်ပွဲမှ ရရှိသည့် လူထုထောက်ခံမှုအရ တရားဝင်မှု (De Jure Legitimacy) ကို ကိုယ်စားပြုသော နိုင်ငံရေးအင်အားစုများနှင့် ရွေးကောက်ပွဲ မဟုတ်သော အခြားနည်းလမ်းများနှင့် ရရှိသည့်လူထုထောက်ခံမှုအရ တရားဝင်မှု (De Facto Legitimacy) ကို ကိုယ်စားပြုသည့် နိုင်ငံရေးအင်အားစုများ၏ စုစည်းပူးပေါင်းဆောင်ရွက်မှုနှင့် အသွင်ကူးပြောင်းရေးကာလ အစီအမံအရ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို စနစ်တကျ ခွဲဝေကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/3ibFkY2

၁၀။ အာဏာရှင်အဆက်ဆက်က တိုင်းရင်းသား ပြည်သူလူထုအပေါ် ကျူးလွန်ချိုးဖောက်ခဲ့မှုများ အတွက် အသွင် ကူးပြောင်းရေးကာလတရားမျှတမှုကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဟု NUCC နှင့် NUG တို့ ပူးတွဲကြေ ညာ ချက်ထုတ်ပြန်



အာဏာရှင်အဆက်ဆက်က တိုင်းရင်းသား ပြည်သူလူထုအပေါ် ကျူးလွန်ချိုးဖောက်ခဲ့မှုများအတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) ကို ဖြည့်ဆည်း ဆောင်ရွက်သွားမည်ဟု အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)နှဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့က ဇန်နဝါရီ ၁ ရက် ပြည်သူ့တော်လှန်ရေးဆိုင်ရာ နှစ်သစ်ကူး ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်တွင် အာဏာရှင်အဆက်ဆက်က တိုင်းရင်းသား ပြည်သူ လူထုအပေါ် ကျူးလွန်ချိုးဖောက်ခဲ့ သည့် မတရားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံတကာရာဇဝတ်မှုများအတွက် အမှန်တရား ပေါ်ပေါက်ရန်၊ တရားမျှတမှုရရှိရန်၊ ကျူးလွန်သူများက ၎င်းတို့ကျူးလွန်မှုများ အတွက်တာဝန်ခံမှုရှိရန်နှင့် နောက်ထပ်အလားတူ ကိစ္စရပ်များထပ်မံ မကြုံတွေ့ရေးအတွက် ပြုပြင် ပြောင်းလဲမှု လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရန် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) ကို ဖြည့်ဆည်း ဆောင်ရွက် သွားမည် ဟု ဖော်ပြထားသည်။

ထို့အပြင် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော်တွင် နိုင်ငံရေးနယ်ပယ်အတွင်း ပါဝင်ပတ်သက်မှုလုံးဝကင်းရှင်းပြီး နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကိုသာ ထမ်းရွက်သော၊ အရပ်သားအစိုးရ၏ ကွပ်ကဲမှု (Civilian Supremacy) ကို လိုက်နာခံယူသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ကိုယ်စားပြုပါဝင်တဲ့ "ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်" ကို တည်ထောင်ရန်

၁၁။ ပြည်သူ့ရင်ခွင်ခိုလှုံလာသည့် စစ်သားနှင့်ရဲတပ်ဖွဲ့ဝင် ၁၃၀၀၀ ခန့်တို့က စစ်ကောင်စီအား အမြစ်ပျက်ခြေမှုန်းနိုင်ရေး နည်းမျိုးစုံဖြင့် ပါဝင်နေကြောင်း NUG ပြည်ထောင်စုဝန်ကြီးချုပ်ပြောကြား

အကြမ်းဖက်စစ်ကောင်စီအား ဆန့်ကျင်ကာ ပြည်သူ့ရင်ခွင်ခိုလှုံလာသည့် စစ်သားနှင့်ရဲတပ်ဖွဲ့ဝင် ၁၃၀၀၀ ခန့်တို့က NUG နှင့်အတူ စစ်ကောင်စီအား အမြစ်ပျက်ခြေမှုန်းနိုင်ရေးနည်းမျိုးစုံဖြင့် ပါဝင်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇန်နဝါရီ ၁ ရက် နှစ်သစ်ကူး မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

" အခုဆိုရင် ပြည်သူရင်ခွင့်ခိုလှုံလာတဲ့စစ်သားပေါင်း ၄၀၀၀ ကျော်ရှိနေပြီး ရဲတပ်ဖွဲ့ဝင်ပေါင်း ၉၀၀၀ ဝန်းကျင်ဟာ အမျိုးသားညီညွတ်ရေးအစိုးရနဲ့ပူးပေါင်းပြီး အာဏာရှင်ကို အမြစ်ပျက်ခြေမှုန်းနိုင်ရေးအတွက် နည်း မျိုးစုံနဲ့ ပါဝင်ဆောင်ရွက်ကြတာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

လက်ရှိဆင်နွှဲနေသည့် စစ်ရေး၊ နိုင်ငံခြားရေး ၊ စီးပွားရေး ၊ လူမှုရေး ၊ နိုင်ငံရေးက အသီးသီးတွင် အကြမ်း ဖက်စစ်တပ်အား နလန်မထူနိုင်ဘဲ ဟန်ကိုယ့်ဖို့ဖြစ်နေရသည့်အခြေအနေအထိတိုက်ခိုက်ထားကာ စစ်ရေးတွင်သာလွန်လျှက်ရှိပြီး ရန်သူကို နိုင်ငံအနှံ့နေရာမလပ်ထိုးစစ်ဆင် တိုက်ခိုက်နိုင်တဲ့အခြေအနေများ ရှိနေသော်လည်း လေကြောင်းရန်ကာကွယ်ခြင်း ခေတ်မီလက်နက်ခံယမ်းပြည့်စုံစွာတပ်ဆင်နိုင်ရေးများတွင် စိန်ခေါ်ချက်များရှိနေဆဲဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်ကပြောကြားသည်။

" စစ်အာဏာရှင်ခေါင်းဆောင်တသိုက်ကို ကာကွယ်နေရတဲ့စစ်တပ်ဟာ စိတ်ဓာတ် ခံယူချက်ပျောက်ဆုံးပြီး တပ်ရင်းတပ်ဖွဲ့ ဖွဲ့စည်းမှုမပြည့်အထက်အောက်မသားများနဲ့ ကိုယ့်တပ်ဖွဲ့ဝင်များကိုကိုယ်ထိုးကြွေးလျှက်ရှိ နေတဲ့အဖြစ်များကိုလည်း များစွာကြားသိနေရပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးချုပ်က ဆက်လက်ပြော ကြား ခဲ့သည်။

အရေးကြီးသည့်လုပ်ငန်းတစ်ခုအဖြစ် စစ်ကောင်စီ၏ အကြမ်းဖက်မှုများ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်မှုများကို အရေးယူအပြစ်ပေးမှုများကို မှတ်တမ်းများထားရှိပြီး တစ်ကမ္ဘာလုံးကို ချပြအသိပေးလျှက်ရှိကာ နိုင်ငံတကာမှအမြန်ဆုံးအရေးယူနိုင်ရေး ပြည်တွင်းပြည်အဖွဲ့အစည်း များနှင့်အတူဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်ကပြောကြားခဲ့သည်။ https://bit.ly/3Z4DNng

၁၂။ အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတော်သမ္မတနှင့်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကို မတရားသည့်ထောင် ဒဏ်များချမှတ်ခဲ့သည့် စစ်ကောင်စီနှင့် အပေါင်းပါများ ပြည်သူ့တရားစီရင်မှုကို မလွဲမသွေခံရမည်ဟု NUG ထုတ်ပြန်

အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတော်သမ္မတနှင့်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကို မတရားသည့်ထောင် ဒဏ်များချမှတ်ခဲ့သည့် နိုင်ငံတော်ပုန်ကန်မှုအပါအဝင် ပြစ်မှုပေါင်းများစွာ ကျူးလွန်ထားသည့် စစ်ကောင်စီနှင့် အပေါင်းပါများ ပြည်သူ့တရားစီရင်မှုကို မလွဲမသွေခံရမည်ဟု ဒီဇင်ဘာ ၃၁ တွင် အမျိုးသားညီညွတ်ရေးအစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်ပုန်ကန်မှုနှင့် ပြည်သူလူထုအပေါ် အခြားသော ပြစ်မှုပေါင်းများစွာကို ကျူးလွန်ထားသည့် အကြမ်းဖက်စစ်ကောင်စီနှင့် အပေါင်းအပါများကသာလျှင် အပြစ်ရှိသူများဖြစ်ပြီး ပြည်သူ့တရားစီရင်မှုကို မလွဲမသွေခံယူရမယ်သူများဖြစ်ကြောင်းဖော်ပြထားသည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ အပါအဝင် အပြစ်မဲ့တိုင်းရင်းသားပြည်သူများအပေါ် ချမှတ်သည့် တရားရုံးအသီးသီး၏ အမိန့်များမှာ မူလကပင် ပျက်ပြယ်ကြောင်း ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၉) ရက်စွဲဖြင့် ကြေညာချက်အမှတ် (၁၃/၂၀၂၁) ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ https://bit.ly/3GdGtpP

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://nugmyanmar.org
ကြေညာချက်အမှတ်(၂၈/၂၀၂၂)
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁

"နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား အကြမ်းဖက်စစ်ကောင်စီက မတရားထောင်ဒဏ်များ ချမှတ်ခဲ့ခြင်းနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်"

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီက မတရားဖမ်းဆီးထားသော နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်တို့ကို အကြမ်းဖက်စစ်ကောင်စီက ထောင်ဒဏ်အသီးသီး ထပ်မံချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ အပါအဝင် အပြစ်မဲ့တိုင်းရင်းသားပြည်သူများအပေါ် ချမှတ်သည့် တရားရုံးအသီးသီး၏ အမိန့်များသည် မူလကပင် ပျက်ပြယ်ကြောင်း ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၃/၂၀၂၁) ကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

1



နိုင်ငံတော်ပုန်ကန်မှုနှင့် ပြည်သူလူထုအပေါ် အခြားသော ပြစ်မှုပေါင်းများစွာကို ကျူးလွန်ထားသည့် အကြမ်းဖက်စစ်ကောင်စီနှင့် အပေါင်းအပါများသည်သာလျှင် အပြစ်ရှိသူများဖြစ်ပြီး ပြည်သူ့တရားစီရင်မှုကို မလွဲမသွေခံယူရမည့်သူများ ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တကွ အကြမ်းဖက်စစ်ကောင်စီ၏ မတရားဖမ်းဆီးချုပ်နှောင်ခံရသူများ၊ မတရားအမှုဆင် ပြစ်ဒဏ်ချမှတ်ခံရသူများ၊ မတရား ညှင်းပမ်းနှိပ်စက်ခံရသူများ၊ သတ်ဖြတ်ခံသူများ၊ အိုးအိမ်စည်းစိမ် ဖျက်ဆီးခံရသူများ အားလုံးအတွက် တရားမျှတမှုကို ပြန်လည်ရရှိနိုင်စေရေး နှင့် ပြစ်ဒဏ်ခံရထိုက်သူများ ပြစ်ဒဏ်ခံရခြင်းဘေးက ကင်းလွတ်နေသည့် အလေ့အထ(Impunity) ကို အဆုံးသတ်နိုင်ရေး တို့ကို မမေ့မလျော့နှလုံးသွင်းလျက် တော်လှန်ရေးအောင်မြင်ပြီးမြောက်သည်အထိ တစိုက်မတ်မတ် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ကတိပြုပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ

2